( ၄ ) အိပ်ရာခင်း စသည်ကို နေလှန်းသင့်လျှင် နေလှန်း၍ ထိုင်ဘို့နေရာ စသည်ကိုလည်း ခင်းပေးရသည်၊ ဤသို့ စသည်ဖြင့် ဥပဇ္ဈာယ်ဆရာ၌ ပြုကြရသော ဝတ္တရားတွေ များစွာ ရှိပေသည်။

**မှတ်ချက်။** ။ဥပဇ္ဈာယ်ဆရာ၌ တပည့်အများရှိရာတွင် တပါးပါးက "ဥပဇ္ဈာယ်ဆရာ၏ ဝတ်ကြီး ဝတ်ငယ်များကို တပည့်တော်ပြုပါမည်" ဟု တာဝန်ယူထားသော်၎င်း, ဥပဇ္ဈာယ်ဆရာကိုယ်တိုင်က "ငါ့မှာ ဝတ်ပြုမည့်သူ ရှိပြီ၊ သင်တို့ ချမ်းသာစွာနေ၍ ပရိယတ် ပဋိပတ်ကို အားထုတ်ကြ" ဟု ခွင့်ပြုထားသော်၎င်း ဝတ်ကြီးဝတ်ငယ် မပြုဘဲ နေခွင့်ရပါသည်၊ ဥပဇ္ဈာယ်ဆရာမှာ ဝတ်ပြုမည့်သူလည်း မရှိ၊ ခွင့်ပြုချက်လည်း မရှိပါဘဲ ဝတ်မပြုသော ရဟန်းသာမဏေတို့မှာ အာပတ်သင့်ခြင်း, ဒဏ်ထိုက်ခြင်းဟူသော အပြစ်ရှိသည်။

---

## (၅) သဒ္ဓိဝိဟာရိကဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ ........ဥပဇ္ဈာယ်ယူထားသော တပည့်ကို "သဒ္ဓိဝိဟာရိက=အတူနေတပည့်" ဟု ခေါ်၏။ [သဒ္ဓိ= အတူ+ဝိဟာရိက = နေလေ့ရှိသူ။ ] ဥပဇ္ဈာယ်ရော့အတွက် တပည့်မှာသာ တာဝန်ဝတ္တရားရှိသည် မဟုတ်သေး၊ ဥပဇ္ဈာယ်ဆရာမှာလည်း တပည့်အပေါ် ပြုရသော ဝတ္တရားတွေ ရှိသေး၏၊ ထိုဝတ္တရားအချို့ကား—

(၁) စာချပေးခြင်း ဆုံးမဩဝါဒပေးခြင်းတို့ဖြင့် သင်္ဂြိုဟ်ချီးမြှောက်ရသည်။